# ကူညီပါရစေ ဆိုပေမဲ့

လမ်းသွားလမ်းလာ လူတစ်ယောက်သည် ထရပ်ကား တစ်စီး၏ ဒရိုင်ဘာတစ်ဦးက သူ့ကားနှင့် ဖင်ချင်းတေ့ထား သော ထရပ်ကားတစ်စီးသို့ သေတ္တာကြီးတစ်လုံး ရွှေ့ပြောင်း နေသည်ကို ကြည့်နေခဲ့သည်။ ထို့မှ . . .

"အေးဗျာ . . . ကျွန်တော် ကူညီပါရစေ"ဟု သူက ပြောပြောဆိုဆို ထရပ်ကား ဒရိုင်ဘာအား ဝိုင်းကူသည်။ သို့သော် အတန်ကြာ ရုန်းကန်တွန်းထိုးသည့်တိုင်အောင် အလုပ်မဖြစ်ခဲ့ကြချေ။ ထိုအခါ ခဏရပ်၍ ကူညီသူက မော ပန်းစွာ ပြောလိုက်သည်မှာ . . .

"မဖြစ်ပါဘူးဗျာ၊ ဒါကြီးအောက်ချလို့ရမယ် မထင်ပါ ဘူး"ဟု ပြောလိုက်ရာ ထရပ်ကားဒရိုင်ဘာက ထအော်လိုက် သည်မှာကား . . .

"အာ . . . ကျုပ် အောက်ချနေတာ မဟုတ်ဘူးဗျ၊ အပေါ်တင်နေတာ"ဟူ၏။ ❑